# ဘုတ်အဖွဲ့ မူဝါဒ S-10-

# ကျောင်းသားများ အခအကြေးငွေများ နှင့်

# အခအကြေးငွေ လျှော့ပေါ့သက်သာခွင့်များ

## ကိုးကားချက်များ

[ဘုတ်အဖွဲ့ မူဝါဒ S-10 အတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ]

[Utah Code Ann. §53G-8-212, Defacing or Injuring School Property – Student's Liability]
[Utah Code Ann. §§53G-7-503-505, Student Fees, Deposits, and Charges]
[Utah Admin. Code R277-407, School Fees]

## မူဝါဒ

Salt Lake မြို့တော် ကျောင်းခရိုင် ပညာရေးဘုတ်အဖွဲ့သည် အတန်း K-6 တန်းရှိ ခရိုင် ကျောင်းသားများ အားလုံးအတွက် အခမဲ့ ပညာရေးအား ထောက်ပံ့ပေးကြောင်း သေချာအောင် ဆောင်ရွက်သည်။ အတန်း 7-12 တန်းရှိ ကျောင်းသားများအတွက် အချို့သော ကျောင်း အစီအစဉ်များ၊ လှုပ်ရှားမှုများ၊ နှင့် သင်တန်းများကို ထောက်ပံ့ရန် ကျောင်းသား အခကြေးငွေများအတွက် လိုအပ်ချက်ကို ဘုတ်အဖွဲ့မှ အသိအမှတ်ပြုပါသည်၊ သို့သော်လည်း မိသားစုများအပေါ်ကျရောက်သည့် ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှုများကို တတ်နိုင်သမျှ လျှော့နည်းစေရန် ကတိပြုဆောင်ရွက်လျက်ရှိပါသည်။ စာသင်ကျောင်း အခကြေးငွေတစ်ခုအား ကောက်ခံသည့်အခါတွင် ရည်ရွယ်ချက်မှာ အကျိုးအမြတ် တစ်စုံတစ်ရာအား မျှော်ကိုးခြင်းမရှိဘဲ ကုန်ကျစရိတ်များ ပြန်လည် ဖော်ဆောင်ရယူရာ၌ ကူညီထောက်ပံ့ပေးရန် ဖြစ်သည်။ ကျောင်းသား အခကြေးငွေများအား နည်းနိုင်သမျှအနည်းဆုံး ထိန်းသိမ်းထားရန်အတွက်ဌာ ကြိုးပမ်းအားထုတ်မှုမှန်သမျှအား ပြုလုပ်သွားပေမည်။ အဆိုပြုထားသည့် အခကြေးငွေ အချိန်ဇယားကို ၎င်း၏ခွင့်ပြုချက်နှင့် ဘုတ်အဖွဲ့မှ အတည်ပြုကျင့်သုံးခြင်းမပြုမီ အများပြည်သူမှ မှတ်ချက်ပေးရန် နှစ်တစ်နှစ်စီအတွက် အခွင့်အရေး နှစ်ကြိမ်ရှိပါသည်။ အခကြေးငွေ၊ အခကြေးငွေ လျှော့ပေါ့သက်သာခွင့်၊ နှင့် ငွေပြန်အမ်းမှု လုပ်ငန်းစဉ်များကို ပြည်နယ် ဥပဒေနှင့် ဤ မူဝါဒတို့နှင့်အညီ ခရိုင်မှ အတည်ပြုကျင့်သုံး၍ အကောင်အထည်ဖော် ဆောင်ရက်လိမ့်မည်။

ဤမူဝါဒ၏ ရည်ရွယ်ချက်မှာ ကျိုးကြောင်းသင့်တော်မှုရှိသော အခကြေး စနစ်တစ်ခုအား အစီအစဉ်တကျ ဖော်ထုတ်သတ်မှတ်မှုကို ခွင့်ပြုရန်၊ ဘုတ်အဖွဲ့ မှ ထောက်ခံခွင့်ပြုထားသည့် အခကြေး အစီအစဉ်ဇယား နှင့် အခကြေး လျှော့ပေါ့သက်သာခွင့် လုပ်ငန်းစဉ်များတို့၏ အကြောင်းအား ကျောင်းသားများ နှင့် ၎င်းတို့၏ မိဘများ/အုပ်ထိန်းသူများထံသို့ နှစ်စဉ် အသိပေးအကြောင်း ကားချက်အား ထောက်ပံ့ရန်၊ နှင့် ကျောင်းမှ စပွန်ဆာပေးထောက်ပံ့သော လှုပ်ရှားဆောင်ရက်မှုများအတွင်း ငွေကြေး ပေးချေတတ်စွမ်းနိုင်ခြင်း မရှိသည့် ကျောင်းသားများအား ဖယ်ချန်ထားသော အလေ့အကျင့်များ သို့မဟုတ် ကျောင်းသားနှင့် မိသားစုတို့ ပါဝင်ဆောင်ရက်မှုအပေါ် ထိခိုက်နစ်နာစေမည့် အကျိုးသက်ရောက်မှုဖြစ်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုကို တားမြစ်ရန် အစရှိသည်တို့အတွက် ဖြစ်ပေသည်။

ခရိုင်အနေနှင့် ၎င်း၏ ဤဘုတ်အဖွဲ့ မူဝါဒ အကောင်အထည်ဖော် ဆောင်ရက်မှု အသေးစိတ် လုပ်ငန်းစဉ်များအား ပူးတွဲထားသော[စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ]မှတဆင့် သတ်မှတ်ဆောင်ရက်သွားမည် ဖြစ်သည်။

S-10-Policy_BURMESE 2020-6-9

မည်သည့် ခရိုင် ဝန်ထမ်း သို့မဟုတ် ကျောင်းသားမဆိုအား အလုပ်ခန့်အပ်မှု သို့မဟုတ် မည်သည့် ခရိုင် အစီအစဉ် သို့မဟုတ် ဆောင်ရွက်လှုပ်ရှားမှုတွင်မဆို အသက်၊ အသားအရောင်၊ မသန်စွမ်းမှု၊ လိင်အမျိုးအစား၊ ကျားမဝိသေသလက္ခဏာ၊ မျိုးရိုးဗီဇဆိုင်ရာ သတင်းအချက်အလက်၊ နိုင်ငံသား ဇစ်မြစ်၊ ကိုယ်ဝန်ရှိခြင်း၊ လူမျိုး၊ ဘာသာ၊ လိင်အမျိုးအစား၊ လိင်ပိုင်းဆိုင်ရာတိမ်းညွတ်မှု၊ သို့မဟုတ် စစ်မှုထမ်းဖြစ်မှု အခြေအနေတို့ကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမရှိရပါ။ ခရိုင်သည် ၎င်း၏ မူဝါဒများ၊ တိုင်တန်းမှု လုပ်ငန်းစဉ်များ၊ အစီအစဉ် အသုံးပြုခွင့်၊ ခရိုင် အဆောက်အဦ အသုံးပြုခွင့်၊ နေရာထိုင်ခင်းများနှင့် အခြား အလုပ်ခန့်အပ်မှု အစီအစဉ်များ၊ ဝန်ဆောင်မှုများနှင့် အလုပ်ခန့်အပ်မှု သာတူညီမျှ အခွင့်အလမ်းတို့အပါအဝင် သာတူညီမျှ ဝင်ရောက်အသုံးပြုခွင့်နှင့် အခွင့်အလမ်းပေးအပ်ရန် ကတိပြုဆောင်ရွက်လျက်ရှိပါသည်။ ကင်းထောက်လူငယ် အဖွဲ့များအပါအဝင်၊ အမေရိကန်ပြည်ထောင်စု စည်းမျဉ်းဥပဒေမှ ခေါင်းစဉ် 36 တွင် ဖော်ပြထားသည့် လူငယ် အသင်းအဖွဲ့များအတွက် ခရိုင် အဆောက်အဦများသို့ သာတူညီမျှ ဝင်ရောက်အသုံးပြုခွင့်ကိုလည်း ခရိုင်မှပေးအပ်သည်။ တရားမဝင် ခွဲခြားဆက်ဆံခြင်း၊ နှောင့်ယှက်ခြင်း နှင့် လက်တုံ့ပြန်ခြင်းတို့နှင့် သက်ဆိုင်သည့် စုံစမ်းမေးမြန်းများမှုနှင့် တိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွင် အောက်ပါ ပုဂ္ဂိုလ်အား သတ်မှတ်တာဝန်ပေးအပ်ထားသည်။ Tina Hatch၊ စည်းကမ်းလိုက်နာမှုနှင့် စုံစမ်းစစ်ဆေးရေး၊ 440 East 100 South, Salt Lake City, Utah 84111, (801) 578-8388. Office for Civil Rights, Denver, CO, (303) 844-5695 သို့လည်း ဆက်သွယ်နိုင်ပါသည်။